ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ်
# ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ
# ခွဲဝေသုံးစွဲရေး ဥပဒေ

၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ်

# ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

( ၂၀၁၇ ခုနှစ် ၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ ။ )

၁၃၇၉ ခုနှစ် ၊ နတ်တော်လဆုတ် ၄ ရက်

( ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ ၇ ရက် )

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့ ၊ ကရင်ပြည်နယ်လွှတ်တော် ၊ ကရင်ပြည်နယ်ဥပဒေချုပ် ၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ် ၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများ နှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့် (၃)တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ် ၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ် ၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

## ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၁၂၂၁.၀၅၀ | | | | | ၁၂၂၁.၀၅၀ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ရှင်း | ၂၈.၁၁၉ | | | ၄.၉၁၇ | | | | | ၃၃.၀၃၆ |
| ၃ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၉.၆၁၄ | | | | | | | | ၁၉.၆၁၄ |
| ၄ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃.၇၉၀ | | | | | | | | ၃.၇၉၀ |
| | | | ပေါင်း | ၅၁.၅၂၃ | | | ၁၂၂၅.၉၆၇ | | | | | ၁၂၇၇.၄၉၀ |

# ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)-အစ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၈.၉၆၄ | | | ၁၃၀.၂၄၃ | | | | | ၁၆၉.၂၀၇ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၈.၈၄၃ | | | ၁၃၀.၂၄၃ | | | | | ၁၃၉.၀၈၆ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၉.၀၆၆ | | | | | | | | ၁၉.၀၆၆ |
| | | ၃။ မီးသတ်ဦးစီးဌာန | | ၁၁.၀၅၅ | | | | | | | | ၁၁.၀၅၅ |
| ၂ | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၄င်း | ၇၉.၃၈၈ | | | | | | | | ၇၉.၃၈၈ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၄၈.၇၂၅ | | | | | | | | ၄၈.၇၂၅ |
| | | ၂။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၃.၉၄၁ | | | | | | | | ၂၃.၉၄၁ |
| | | ၃။ သမဝါယမဦးစီးဌာန | | ၆.၇၂၂ | | | | | | | | ၆.၇၂၂ |
| ၃ | ၅ | ကျန်းမာရေးနှင့်အားကစား | ၄င်း | ၀.၃၉၆ | | | ၅၀.၀၀၀ | | | | | ၅၀.၃၉၆ |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | ၀.၃၉၆ | | | ၅၀.၀၀၀ | | | | | ၅၀.၃၉၆ |
| ၄ | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄င်း | ၆.၁၇၄ | | | | | | | | ၆.၁၇၄ |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆.၁၇၄ | | | | | | | | ၆.၁၇၄ |

## ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၅ | ၇ | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၉.၃၈၁ | | | ၄၇၉၆.၉၀၉ | | | | | ၄၈၀၆.၂၉၀ |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၉.၃၈၁ | | | ၅၉.၃၀၆ | | | | | ၆၈.၆၈၇ |
| | | ၂။ လမ်းဦးစီးဌာန | | | | | ၄၇၃၇.၆၀၃ | | | | | ၄၇၃၇.၆၀၃ |
| ၆ | ၈ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၃.၅၉၆ | | | ၉၄၈.၉၆၄ | | | | | ၉၆၂.၅၆၀ |
| | | | ပေါင်း | ၁၄၇.၈၉၉ | | | ၅၉၂၆.၁၁၆ | | | | | ၆၀၇၄.၀၁၅ |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | လျှပ်စစ်နှင့်စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | ၃၁၄.၃၁၅ | | | | | ၃၁၄.၃၁၅ |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၃၁၄.၃၁၅ | | | | | ၃၁၄.၃၁၅ |
| | | | ပေါင်း | | | | ၃၁၄.၃၁၅ | | | | | ၃၁၄.၃၁၅ |